# ပြည်သူလူထုကျန်းမာရေး ပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေး

မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသ၊ ဝေးလံခက်ခဲဒေသနှင့် လူမှုစီးပွားရေးအခြေအနေနိမ့်ပါးသည့် ပြည်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝပြီး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုရရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အဓိကမျှော်မှန်းချက် ဖြစ်ပါသည်။

အသက်အရွယ်မရွေး၊ လူတန်းစားအလွှာအသီးသီးတွင် ကျန်းမာရေးအသိပညာများ ပြည့်ဝနေမှသာလျှင် ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်၊ အပြုအမူများဖြစ်သည့် ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးကို အကျိုးပြုသော အစားအစာများစားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံဖြင့် ပြုမူနေထိုင်ခြင်းတို့ကို လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် ပုံမှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကိုလည်း ပြည်သူလူထုက စိတ်ပါဝင်စားစွာ နေ့စဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် မြို့နယ်အဆင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ချမှတ်၍ နိုင်ငံတစ်ဝန်းလုံး တွင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအတွင်း အဆိုပါအလေ့အထများအား ပုံမှန်ပြုမူ လိုက်နာကျင့်သုံးစေရန်မှာ ကြီးမားသောစိန်ခေါ်မှုတစ်ရပ် ဖြစ်သော်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ကဏ္ဍအလိုက် အောင်မြင်မှုများရရှိစေရန် အစွမ်းကုန် အားဖြည့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် (က) ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ (ခ) ကျောင်းကျန်းမာရေးလုပ်ငန်းများ (ဂ) ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ (ဃ) ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ဝန်ထမ်းများအားလုံး၏ လုပ်ငန်းခွင်စွမ်းဆောင်မှုအရည်အသွေး တိုးတက်မြင့်မားစေရေးလုပ်ငန်းများနှင့် (င) ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေး အဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများစသည့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အသင်းအဖွဲ့များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် လက်တွဲ၍ စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များချမှတ်ကာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လုပ်ငန်းနယ်ပယ်များ ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများသည် အပြန်အလှန်ပတ်သက်ဆက်နွှယ်လျက်ရှိပြီး ယင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး ဘုံရည်မှန်းချက်ကို ရရှိအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးပြဿနာများနှင့် ရောဂါဖြစ်ပွားမှုနှုန်းများ မြင့်မားလာသော်လည်း ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသရမှုများ နည်းပါးလာပြီး စရိတ်စကကုန်ကျရခြင်းများကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများအား ပေါင်းစည်းညီညွတ်စွာ အရှိန်တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

*(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ အမှာစကားတစ်ခုမှ ကောက်နုတ်ချက်)*

*(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းလွှာ၊ အတွဲ-၂၊ အမှတ်-၂၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ)*